KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၈ခုနှစ်၊ ဇွန်လ၊ ၁၅ ရက် / KHRG မှတ်တမ်းလွှာအမှတ်# 18-41-I18

---

# ဖာပွန်ခရိုင် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ: ၂၀၁၈ခုနှစ်၊ မတ်လတွင် လူသောမြို့နယ်အတွင်း တပ်မတော်မှ လမ်းဖောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော လက်လွတ်စပယ် လက်နက်ကြီးပစ်ခတ်မှုများနှင့် နေရပ်ရွှေ့ပြောင်းခံရမှုများ

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၁၈ခုနှစ်၊ မတ်လ၊ ၄ရက်နေ့တွင် ဖြစ်ပေါ်လာသော တပ်မတော်မှ လူသောမြို့နယ်တွင်ရှိသောရွာများကို လက်လွတ်စပယ်လက်နက်ကြီးပစ်ခတ်မှုဖြစ်ရပ်ကို ဖော်ပြထားခြင်းဖြစ်သည်။ ဤဖြစ်ရပ်သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့(KNLA) နှင့် ရွာသူရွာသားများမှ တပ်မတော်၏ လမ်းဆောက်လုပ်မှုကို တားမြစ်ခြင်းကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။*

---

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ| ဖာပွန်ခရိုင်၊ လူသောမြို့နယ် (မတ်လ ၂၀၁၈)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ကရင်လူ့အခွင့်အရေးအဖွဲ့KHRG မှ ဒေသတွင်း လူ့အခွင့်အရေးအခြေအနေများကို လေ့လာမှတ်သားရန်လေ့ကျင့်သင်ကြားပေးထားသော ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဖော်ပြခြင်းဖြစ်သည်။ [1] ဤသတင်းလွှာသည် ၂၀၁၈ခုနှစ်၊ ဧပြီလ*

---

[1] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRGမှ လေ့ကျင့်သင်းကြားပေးသော မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံအဖွဲ့များအား လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပျက်မှု သတင်းအချက်အလက်တစ်ခုချင်းစီအား စံညွှန်းပုံစံအချိုးအစားများနှင့်အညီ ရွာသားများအား ဖြစ်ရပ်ဆိုင်ရာအင်တာဗျူးခြင်းနှင့် ၄င်းတို့ရင်နီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံးရအခြေအနေများအားတင်ပြခြင်းတို့ကို စုဆောင်းရန် လေ့ကျင့်သင်ကြားပေးပါသည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာပြုစုရာတွင် ဒေသခံအဖွဲ့ဝင်များကို ၄င်းတို့အရေးကြီးသည်ဟု ယူဆသော လူ့အခွင့်အရေးချိုးဖောက်သောဖြစ်ပျက်မှုများအား ၄င်းတို့အားဖြင့် စီစစ်အတည်ပြုထားပြီးသော မှုရင်းအထောက်အထားများနှင့် ဒေသအတွင်းပြောင်းလဲဖြစ်ပေါ်မှုများအား နှိုင်းယှဉ်ခြင်းတို့ကို လေ့လာမှတ်သားရန် အားပေးတိုက်တွန်းထားပါသည်။

*တွင် ဖာပွန်ခရိုင်မှ လက်ခံရရှိခဲ့ပြီး မှုခင်းပြသည့်မှတ်တမ်းများ (၂၃)ခုနှင့်အတူ အခြားသော သတင်းအမျိုးအစားများဖြစ်ကြသော မှုခင်းအင်တာဗျူး (၁၈)ခု၊ ဒေသတွင်းနောက်ဆုံး အခြေအနေသတင်းဖော်ပြချက်မှတ်တမ်း (၂)ခု၊ ဓါတ်ပုံ (၃၂၂)ပုံ၊ ဗီဒီယိုဖိုင် (၃၃)ခုနှင့် တကွလက်ခံရရှိခဲ့သည်။[2]*

## **အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ**

| **အခင်းဖြစ်ပွားမှုအမျိုးအစား** | တပ်မတော်မှ လက်လွတ်စပယ် လက်နက်ကြီးပစ်ခက်မှု |
|---|---|
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၈ခုနှစ်၊ မတ်လ၊ ၄ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူကျေးရွာအုပ်စု၊ ခေးပူရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| ***အမည်*** | စောယ--- |
| **အသက်** | ---နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | လယ်သမား၊ ကျန်းမာရေးလုပ်သား |
| **ကိုးကွယ်သည့် ဘာသာ** | ခရစ်ယာန် |
| **ရာထူးအဆင့်** | ကျေးလက်တွင်းဆေးခန်းတစ်လုံး၏ဒုအတွင်းရေးမှူး |
| **နေရပ်/ရွာအမည်** | တ---ရွာ |

| **ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| တပ်မတော် | မသိရှိရ | မသိရှိရ | ဆာလော်ကျီရွာ၊ | မသိရှိရ |

[2] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ သတင်းကောက်ယူမှုစည်းစနစ်များအား ပို၍ထိုးဖောက်မြင်နိုင်ရန်နှင့် ကိုယ်တွေ့တိုက်ရိုက်ဆက်သွယ်မှုများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်များတင်ပြခြင်း၊ KHRG ၏ အဓိကလုပ်ဆောင်မှုရည်မှန်းချက်တစ်ခုမှာ ကွင်းဆင်းလေ့လာသူများထံမှ လက်ခံရရှိသောသတင်းများအားလုံးကိုလုပ်ငန်းစဉ်အတိုင်းလုပ်ဆောင်ပြီးဘာသာပြန်၍ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏လုံခြုံရေးနှင့်ပတ်သက်သောအကြောင်းအရာများအား စိစစ်ဖြတ်တောက်ခြင်းများ ပြုလုပ်ပြီးနောက် KHRG ၏ဝက်ဘ်ဆိုက်တွင်ဖြန့်ဝေခြင်းဖြစ်သည်။ အခြားသောအစီရင်ခံစာများမှာ နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ၊ အမျိုးအစားအလိုက်ခွဲထားပြီး ဤသတင်းနှင့်ပတ်သတ်သောအခြားသောအကြောင်းအရာများအား ဆက်လက်ဖတ်ရှုရန် ကျေးဇူးပြု၍ အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင်ဖတ်ရှုပါ။

| | | | | |
|---|---|---|---|---|
| | | | ခေါ် ဒေါ့ခိုးရွာ၊<br>ထီးထော်ပယ်ရွာ | |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကိုရှင်းပြပါ။** |
|---|
| ၂၀၁၈ခုနှစ်၊ မတ်လ၊၂၂ရက်နေ့တွင် ကျွန်ုပ်သည် ကျေးလက်တွင်းဆေးခန်းတစ်လုံး၏ဒုအတွင်းရေးမှူး စောယ---အား တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။ သူသည်---နှစ်ရှိပြီး တ---ရွာသားတစ်ဦးဖြစ်သည်။ သူသည် လက်ရှိတွင် နေရာရွှေ့ပြောင်းခံရသူတစ်ဦးဖြစ်ပြီး ခေးပူကျေးရွာအုပ်စု၊ ဘဲသောလိုရွာတွင် လာရောက်နေထိုင်ခြင်းဖြစ်သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်းမည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို)ရေးမှတ်ပေးပါ။** |
|---|
| ဤသတင်းကိုပေးသောသူသည် ဤသတင်းအချက်အလက်များ မှန်ကန်ကြောင်း သူကိုယ်တိုင်သာ ဖော်ထုတ်ပြောဆိုခြင်းဖြစ်သည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၁၈ခုနှစ်၊ မတ်လ၊ ၂၂ရက်တွင် ကျွန်ုပ်သည် ခေးပူကျေးရွာအုပ်စုရှိ ကျေးလက်တွင်းဆေးခန်း တစ်လုံး၏ဒုအတွင်းရေးမှူးအား တ---ရွာတွင် တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။<br><br>ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့နှင့် တပ်မတော်ကြားတွင် ပဋိပက္ခများ ကြာမြင့်စွာ ရှိနေခဲ့ခြင်း ဖြစ်သည်။၁၉၉၇ခုနှစ်တွင် တပ်မတော်၏တိုက်ခိုက်မှုကြောင့် ဖာပွန်ခရိုင်မှရွာသူရွာသားများ သစ်တော ထဲတွင် ပြောင်းရွှေ့တိမ်းရှောင်ခဲ့ရသည်။ ခေးပူကျေးရွာအုပ်စု၊ တ---ရွာသားတစ်ဦးဖြစ်သူ စောယ--- သည် ၎င်းအား တပ်မတော်မှ ဖိနှိပ်ကြမ်းကြုတ်ခဲ့သည့် အတွေ့အကြုံကို မျှဝေထားခြင်းဖြစ်သည်။ သူ၏အိမ်အား ၁၉၉၇ခုနှစ်တွင် တပ်မတော်မှ ဝင်ရောက်တိုက်ခိုက်ပြီး မီးရှို့ခဲ့သည်။ သူသည် တော အုပ်ထဲဝင်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ၂၀၀၇ခုနှစ်တွင် ရွာသားများအားတပ်မတော်မှ ဝင်ရောက် တိုက်ခိုက်မှု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် ရွာသူရွာသားများသည် ၎င်းတို့လယ် ယာများတွင်လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရွာထဲ၌နေထိုင်ရန်အတွက်သော်လည်းကောင်း လုံခြုံ စိတ်ချမှုမရှိဟု ခံစားရပါသည်။<br><br>၂၀၁၈ခုနှစ်၊ မတ်လအတွင်း နယ်မြေဒေသတွင် တပ်မတော်၏လမ်းဆောက်လုပ်မှုအပေါ် ဒေသခံရွာ |

သားများအတွက် စိုးရိမ်မှုများဖြစ်ပေါ်လာပါသည်။ ဤအခြေအနေအရ တပ်မတော်လုပ်ရပ်များကြောင့် နောက်ထပ်တိုက်ခိုက်မှုများ ဖြစ်ပွားလာနိုင်သည်ဟု ဒေသခံများက ယူဆကြပါသည်။

မကြာသေးခင်က ၂၀၁၈ခုနှစ်၊ မတ်လအတွင်း ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူရွာတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားသောအကြောင်းရင်းမှာ တပ်မတော်မှ လူသောမြို့နယ်၊ လယ်မူပလောဒေသတွင် လမ်းဆောက်လုပ်ခြင်းကို အဆိုပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ ဤနယ်မြေဒေသသည် KNLA မှ ထိန်းချုပ်ထားခြင်းဖြစ်သည်။ KNLA တားမြစ်ထားသောနယ်မြေတွင် တပ်မတော်မှ လမ်းဆောက်လုပ်ရန်အတွက် စက်ယန္တရားများယူဆောင်လာခြင်းကို KNLA မှ ပိတ်ပင်ထားခြင်းဖြစ်သည်။ တပ်မတော်သည် စက်ယန္တရားများ ယူဆောင်လာခွင့်မပြုသောကြောင့် လမ်းဖောက်လုပ်ရန်အတွက် လက်ဖြင့်မြေကြီးများအား တူးဖော်မည်ဟု ပြန်လည်တုန့်ပြန်ခဲ့သည် (မည်သည့်အကြောင်းဖြစ်စေ ၎င်းတို့၏လမ်းတူးချင်သောဆန္ဒကိုသာ ဦးစားပေးခြင်းဖြစ်သည်)။

ဤနယ်မြေဒေသတွင် စစ်မှုဆိုင်ရာပဋိပက္ခများ မကြာခဏဖြစ်ပွားခဲ့ခြင်းကြောင့် ရွာသူရွာသားများသည် တပ်မတော်၏လုပ်ရပ်များအပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာပါသည်။ ၂၀၁၈ခုနှစ်၊ မတ်လ၊ ၄ရက်နေ့၌ တနင်္ဂနွေနေ့မနက်ပိုင်းတွင် ဆာလော်ကျိုရွာ၊ ခေါ်ဒွေါခိုးရွာနှင့် ထီးထော်ပယ်ရွာ အနီးရှိ အခြေချသောတပ်မတော်တပ်ဖွဲ့သည် ဒေသခံရွာတစ်ရွာအတွင်း လက်နက်ကြီးများဖြင့် စတင်ပစ်ခတ်ခဲ့ပါသည်။ တပ်မတော်တပ်ဖွဲ့သည် ဆာလော်ကျိုရွာမှ လယ်မူပလောဒေသအထိ လမ်းဖောက်မည်ဟု အစီအစဉ်ဆွဲရှိသည့်အတိုင်း တားမြစ်ထားသော နယ်မြေများသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ တပ်မတော်မှ ဒေသခံနယ်မြေသို့ လက်နက်ငယ်များသာမက လက်နက်ကြီးများဖြင့်လည်း လက်လွတ်စပယ်ပစ်ခတ်ခဲ့ပါသည်။ ဤပစ်ခတ်တိုက်ခိုက်ခြင်းသည် ဒေသခံရွာသားများအား ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပါ။

ထိုတစ်နေ့ထဲတွင် တပ်မတော်သည် တမေခီးရွာနှင့် ဖောနာကျိုရွာများကို ဝင်ရောက်ခဲ့ပါသည်။ ထို့နောက်၂၀၁၈ခုနှစ်၊ မတ်လ၊ ၁၁ရက်နေ့တွင် တပ်မတော်သည် ဝေးဒေးရွာကို ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ဤဥပမာအတိုင်း တပ်မတော်သည် ဝင်ရောက်သည့်ရွာများတွင် တွေ့ရှိသည့်ရွာသားများအား ပစ်ခတ်ခဲ့ပါသည်။ သို့သော် ရွာသူရွာသားများ တောအုပ်ထဲသို့ တိမ်းရှောင်ခဲ့ခြင်းကြောင့် ဤပစ်ခတ်မှုသည် ရွာသားများတစ်ဦးမှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပါ (၂၀၁၈ခုနှစ်၊ မတ်လ၊ ၂၂ ရက်မှရရှိခဲ့သော သတင်းအချက်အလက်အပေါ် မူတည်၍ဖော်ပြထားခြင်းဖြစ်သည်။)

အောက်ပါဖော်ပြထားသောရွာများမှ ရွာသားများသည် အကြမ်းဖက်မှုမှ တိမ်းရှောင်နေရသော ရွာများဖြစ်ပါသည်။ ၎င်းတို့မှာ ခေးပူ၊ တာခဲဒဲ၊ ကော်တယ်ဒဲ၊ တမေခီး၊ တရူးခီး၊ ဘောကာ၊ ထီးကျီခီး၊ ကျိုပယ်ခိ၊ ကျော်အေးခီး၊ လယ်မူပလော၊ ကျီဒေး၊ ဘောလေးဒဲ၊ ဘိုနာဒဲနှင့် ကျိုခိုရွာများဖြစ်ကြသည်။

၂၀၁၈ခုနှစ်၊ မတ်လ၊ ၄ရက်နေ့မှ မတ်လ၊ ၂၂ရက်အတွင်း KNLA နှင့် တပ်မတော်ကြားတွင် တိုက်ပွဲများ (၈)ကြိမ် ဖြစ်ပွားခဲ့ပါသည်။ KNLA မှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပါ။ တိုက်ပွဲများမဖြစ်ပွားခင် သုံးလ၊ လေးလခန့်တွင် တပ်မတော်မှ ခွေးရူးများကို ခေးပူရွာ၊ သေသူးခီးရွာ၊ တယူပလောရွာ၊ တာသူးခီးရွာ၊ ဘဲလိုရွာနှင့် တကောရွာများသို့လွှတ်ပေးခဲ့သည်ဟု ရွာသားများက တင်ပြခဲ့သည်။ ဒေသခံများမှ ဤခွေးများသည် ဒေသတွင်းမှ သာမန်ခွေးများထက် ပိုမိုကြီး၍ ခြားနားသောကြောင့် တပ်မတော်မှ

လွတ်သောချွေးများဖြစ်ကြောင်း ယုံကြည်ကြပါသည်။ တာသူစီးရွာနှင့် ဘဲလိုရွာမှလာသော ရွာသား သုံးဦးအား ဤချွေးရှူးများမှ အကိုက်ခံခဲ့ရပါသည်။ ရွာသားတစ်ဦးမှ သေဆုံးသွားပြီး အခြားနှစ်ဦးမှာ ကုသမှုခံယူခဲ့ပြီး နေကောင်းလာပါသည်။ ဤကဲ့သို့ဖြစ်ပေါ်လာသောအဖြစ်အပျက်ကြောင့် တကော ရွာသားများသည် တပ်မတော်မှ လွတ်ထားသော ချွေးရှူးလေးကောင်ကို ပစ်သတ်ခဲ့ပြီးသော်လည်း (၎င်းနယ်မြေတွင်) အခြားသောချွေးရှူးများ ကျန်ရှိနေသေးပါသည်။

တပ်မတော်မှ လက်နက်ကြီးများ ပစ်ခတ်နေစဉ်အတွင်း ရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်း ဥစ္စာများဖြစ်သော အဝတ်အစားများနှင့်စားစရာများကို သယ်ယူနိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ရွာသူ ရွာသားများသည် သစ်တောထဲတွင် တိမ်းရှောင်နေသောအခါ အခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။ ရွာသားတစ်ချို့မှာ ၎င်းတို့၏ပစ္စည်းများနှင့်စားစရာများကို ပြန်ယူရန်အတွက် ရွာထဲသို့ လျှို့ဝှက်စွာ ပြန်လာခဲ့ရသည်။ အခြားရွာသားများသည် ရွာသို့မပြန်ရဲကြပါ။ တစ်ချို့မှာ ခြေကျင်ဖြင့်ပြန်ပြီး တစ်ချို့မှာ ဆိုင်ကယ်ဖြင့်ပြန်ကြပါသည်။ ရွာကိုပြန်လာသောရွာသားများသည် အခြားရွာသားများအ တွက် စားစရာများနှင့်ပစ္စည်းများကို ယူဆောင်လာပေးရန် ကူညီနိုင်ခြင်းမရှိခဲ့ပေ။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည်လည်း ၎င်းတို့ကိုယ်တိုင်အတွက်တောင်မှ ရွာထဲပြန်နိုင်ရန် အချိန်အနည်းသာ ရရှိသောကြောင့်ဖြစ်သည်။

အောက်ပါဖော်ပြသောရွာများမှ ရွာသားများသည် နေရပ်ရွှေ့ပြောင်းခဲ့ရသူများ ဖြစ်သည်။ ၎င်းရွာများ မှာ ခေးပူ၊ တာခယ်ဒဲ၊ ကော်တယ်ဒဲ၊ တမေခီး၊ တရူခီး၊ ဘောခါ၊ ထီးကျီခီး၊ ချိုးပယ်ခို၊ ကျော်အေးခီး၊ လယ်မူပလော၊ ကျီဒေး၊ ဘောလေးဒဲ၊ ဘိုနာဒဲနှင့် မိုကျိုခိုရွာများဖြစ်ကြသည်။ ရွာပေါင်း စုစုပေါင်း ဤ ၁၄ ရွာမှ ရွာသားများ သစ်တောထဲတွင် တိမ်းရှောင်နေရပါသည်။

တပ်မတော်ဆောက်ရွက်သော လမ်းဖောက်လုပ်ရေးစီမံကိန်းသည် နေရပ်ရွှေ့ပြောင်းခံရမှုများကို ဖြစ် စေခဲ့ပါသည်ဟု ရွာသားများမှ ယူဆထားပါသည်။ ဤလမ်းဆောက်လုပ်ခြင်းသည် ဒေသခံရွာသားများ အား အကျိုးပြုသည်ထက် ဒေသတွင်းမြေယာများအား ပျက်စီးစေသည်ဟု ရွာသားများက ယုံကြည် ကြပါသည်။ ထို့ကြောင့် တပ်မတော်မှ လမ်းပြုပြင်ဖောက်လုပ်ရန်မှာ ရွာသားများ လိုလားခြင်းမရှိပေ။ ထို့အစား တပ်မတော်များ ၎င်းတို့စခန်းမှ ထွက်ခွာရန် ဒေသခံများ လိုလားကြပါသည်။ ဤမှသာလျှင် ဒေသခံရွာသားများ အေးချမ်းစွာနေထိုင်နိုင်ပြီး ၎င်းတို့မြေယာပေါ်တွင် လွတ်လပ်စွာ လုပ်ကိုင်စား သောက်နိုင်မည်ဖြစ်သည်။

## <u>အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း</u>

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဤသတင်းကိုပေးသောသူသည် ဤသတင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ အသုံးပြုရန်ခွင့်ပြုထားပါ သည်။ ထို့ကြောင့် ဒေသခံရွာသားများအား တပ်မတော်မှအကြမ်းဖက်မှုကို ကမ္ဘာအားသိစေလို ပါသည်။ |



ဤဓါတ်ပုံကို၂၀၁၈ခုနှစ်၊ မတ်လ၊ ၂၂ ရက်နေ့၊ တ--- ရွာတွင်ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ပုံတွင် ဖော်ပြထားသော ရွာသားသည် ခေးပူကျေးရွာအုပ်စုရှိ ကျေးလက်တွင်းဆေးခန်းတစ်လုံး၏ ဒုအတွင်းရေးမှူးဖြစ်သည်။ သူ၏အမည်မှာ စောယ---ဖြစ်ပြီး သူ၏အသက်သည်---နှစ်ဖြစ်သည်။ သူသည် မကြာသေးခင်က KNLA နှင့် တပ်မတော်ကြားဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် ဒေသခံရွာသားများ တိမ်းရှောင်ရသောအကြောင်းကိုရှင်းလင်းပြောပြခဲ့သည်။

*(ဓာတ်ပုံ- KHRG)*







ဤဓါတ်ပုံများသည်၂၀၁၈ခုနှစ်၊ မတ်လ၊ ၁၄ ရက်နေ့၊ လယ်မူပလောဒေသတွင် ရိုက်ကူးခဲ့ခြင်း ဖြစ်ပါသည်။ ရွာသူရွာသားများတပ်မတော်၏အကြမ်းဖက်မှုကြောင့် အိုးအိမ်များကိုထားခဲ့ပြီးတောထဲသို့တိမ်းရှောင်နေခြင်းကို ဤဓါတ်ပုံများမှ ဖော်ပြထားခြင်းဖြစ်သည်။ တပ်မတော်သည် ဒေသခံများ၏ရွာတွင်လက်နက်ကြီးများဖြင့် လက်လွတ်စပယ် ပစ်ခတ်နေခြင်းဖြစ်သည်။ တပ်မတော်မှ လမ်းပြုပြင်ဖောက်လုပ်မှုကို KNLA နှင့် ဒေသခံများ ခွင့်မပြုသောကြောင့်ပစ်ခတ်ခြင်းဖြစ်သည်။

*(ဓာတ်ပုံများ- KHRG)*







ဤဓါတ်ပုံများကို ၂၀၁၈ခုနှစ်၊ မတ်လ၊ ၁၄ရက်နှင့် ၁၅ ရက်နေ့၊ လယ်လူပလောဒေသတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ရွာသားများတိမ်းရှောင်နေစဥ်အတွင်း ဆန်အိတ်များ တောထဲသို့သယ်ဆောင်နေခြင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ဤပိုမိုဆိုးဝါးသော ပဋိပက္ခကြောင့် ရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများ၊ စားစရာများနှင့်တိရစ္ဆာန်များကို တစ်ခါတည်း သယ်ဆောင်၍ မရနိုင်ပါ။ တောထဲသို့ ၎င်းတို့သယ်ဆောင်သွားသော ဆန်အိတ်များကို ၎င်းတို့ရွာနှင့် သစ်တောကြားတွင် ဖွက်ထားခဲ့၍ တပ်မတော်၏ တိုက်ခိုက်မှုကို တိမ်းရှောင်နေခြင်းဖြစ်သည်။၎င်းတို့ဆန်အိတ်များကို ညအချိန်တွင်သာ သယ်ဆောင်နိုင်ခြင်းဖြစ်သည်။ *(ဓာတ်ပုံများ- KHRG)*







ဤဓါတ်ပုံများကို ၂၀၁၈ခုနှစ်၊ မတ်လ၊ ၁၅ရက်နေ့၌ လယ်မူပလောဒေသတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များသည် တပ်မတော်၏တိုက်ခိုက်မှုကြောင့် တိမ်းရှောင်နေခြင်းကို ဖော်ပြနေခြင်းဖြစ်သည်။ ဤပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များသည် ခေးပူရွာသားများဖြစ်သည်။ ၎င်းတို့သည် ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံရေးနှင့်နေရာထိုင်ခင်းများနှင့်ပတ်သက်၍ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ *(ဓာတ်ပုံများ- KHRG)*

# Mu Traw (Hpapun) District




Karen Human Rights Group (KHRG)